# ရိုဟင်ဂျာလူမျိုးအတွက် ဆုတောင်းပါ

မျှော်လင့်လျှက် မျိုးစေ့ကြဲခြင်း

၁ အောက်တိုဘာလ
၂၀၂၃

# ပြာပုံတွေထဲက လှပမှု

ရိုဟင်ဂျာလူမျိုးအတွက် နိုင်ငံတကာ ဆုတောင်းရာနေ့ အောက်တိုဘာလ။



ရိုဟင်ဂျာလူမျိုးရဲ့ဖြစ်ရပ်ဇာတ်လမ်းဟာငိုကြွေးမြည်တမ်းခြင်းနဲ့ မျှော်လင့်ရာကင်းမဲ့ခြင်း ပြာပုံတွေထဲကတစ်ခုဖြစ်ပါတယ်။ကိုယ်ပိုင်ပြည်နယ်မရှိတဲ့အတွက်လူမျိုးတုံးသတ်ဖြတ်ခံရတဲ့အခါမှာအများစုဟာမြန်မာနိုင်ငံကနေ ထွက်ပြေးခဲ့ရပါတယ်။ယခုအချိန်မှာတော့သူတို့ဟာဘင်္ဂလားဒေ့ရှ်၊မလေးရှားနဲ့ထိုင်းနိုင်ငံတို့မှာသွားရောက်နေထိုင်လျှက်ရှိပြီး အဲ့ဒီမှာလည်း ဒေသခံတွေရဲ့ငြင်းပယ်မှု၊ညှဉ်းပန်းနှိပ်စက်မှုနဲ့အကျဉ်းချမှုတွေကိုဆက်လက်ရင်ဆိုင်ကြုံတွေ့နေရပါတယ်။သူတို့ဟာကျန်းမာရေးစောင့်ရှောက်မှု၊ပညာရေး၊လုံခြုံမှုမရှိတဲ့ဘဝနဲ့နေ့စဉ်ရုန်းကန်လှုပ်ရှားရပါတယ်။

အပေါ်ယံကြည့်လိုက်ရင်ရိုဟင်ဂျာလူမျိုးအတွက်မျှော်လင့်ချက်သိပ်မရှိသယောင်ထင်ရပေမဲ့ဘုရားသခင်သူတို့ကို မမေ့ပါဘူး၊သူတို့အပေါ် သူ့ရဲ့မေတ္တာတော်ဘယ်တော့မှရပ်မသွားဘူးဖြစ်တယ်။ ယခုအချိန်မှာ ရိုဟင်ဂျာလူမျိုးဟာသူ့ရဲ့ကြီးမားတဲ့မေတ္တာတော်အကြောင်းသတင်းကောင်းဝေငှသက်သေခံသူတွေကတဆင့်ကြားသိနိုင်တဲ့နေရာတွေမှာနေထိုင်အသက်ရှင်နေကြပါတယ်။ဘုရားသခင်ကပြာပုံတွေအစားလှပမှု၊ဝမ်းနည်းခြင်းအစားကောင်းကြီးမင်္ဂလာ၊မျှော်လင့်ရာကင်းမဲ့ခြင်းအစားချီးမွမ်းခြင်းကိုပြောင်းလဲပေးတော်မူပြီ။ဒုက္ခဆင်းရဲခြင်းဟာခဏလေးဖြစ်ပါတယ်၊ဒါပေမဲ့ဘုရားသခင်ရဲ့ ကြီးမားတဲ့ မေတ္တာတော်ကအဲ့ဒီလိုမဟုတ်ပါဘူး။

## နူရ် ၏ဇာတ်လမ်း

ကက်ဖဲတစ်တုံးလေးကိုထိလိုက်တာနဲ့ကျန်တဲ့အတုံးတွေအားလုံး တစ်သီတစ်တန်းလိုက်ပြီးပြိုလဲပါတယ်။စိတ်ဒဏ်ရာလည်း အဲ့ဒီလိုပါပဲ။ လူမျိုးတုံးသတ်ဖြတ်မှုရဲ့ကြောက်လန့်ဖွယ်ရာအနိဋ္ဌာရုံဟာကိုယ်တိုင်တွေ့ကြုံရင်ဆိုင်ရတဲ့လူတွေရဲ့စိတ်နှလုံးထဲမှာရေရှည်စွဲကျန်နေပါတယ်။ ရက်စက်ယုတ်မာတဲ့ရိုက်ခတ်မှုတစ်ခုတည်းနဲ့မျိုးဆက်များစွာရဲ့ဘဝလမ်းကြောင်းကို ပြောင်းလဲစေပါတယ်။

ဒုက္ခဆင်းရဲမှုအတော်လေးရင်ဆိုင်သည်းခံခဲ့ရတဲ့နူရ်ဟာအတိတ်က အလွန်လေးလံဖိစီးတဲ့ စိတ်ဒဏ်ရာတွေနဲ့ အမေရိကကို ရောက်လာခဲ့ပါတယ်။ကက်ဖဲအတုံးတွေအတန်းလိုက်မကြာခဏပြိုလဲနေတယ်၊မီးလောင်နေတဲ့ကျေးရွာတစ်ခုကနေသူမအသက်လွတ်အောင်ထွက်ပြေးနေတာ၊အိမ်ထောင်ပြုခိုင်းဖို့ မလေးရှားကိုလူကုန်ကူးခံရတာ၊ ကြင်နာမှုမရှိတဲ့ဆရာဝန်နဲ့ သူနာပြုတွေနဲ့ဆေးရုံမှာ ကလေးမွေးရတာတွေကို ထပ်တလဲ ပြန်လည်သတိရနေတယ်။ ဒီအမှတ်ရမှုတွေက သူချစ်ရတဲ့ မိသားစုတွေကနေ သူမကို ထာဝရဝေးကွာစေတယ်။

အမေရိကမှာပြန်လည်အခြေချပြီးတစ်နှစ်အတွင်းမှာပဲနူရ်ရဲ့အမျိုးသားသေဆုံးခဲ့ပါတယ်၊ သူမရဲ့ သား ဆေးရုံတင်ရတယ်၊ ပြီးတော့ သူမရဲ့ အိမ်လည်းမီးလောင်ပြာကျလို့ ဆုံးရှုံးလိုက်ရပါတယ်။ အမှောင်ထုက သူမရဲ့ကမ္ဘာကိုလွှမ်းမိုးထားပါတယ်။ ဒါပေမဲ့နူရ်ကစိတ်ဒဏ်ရာအသိပညာပေးစောင့်ရှောက်မှုကိုအထူးပြုတဲ့ကဏ္ဍနဲ့ လူမှုအကျိုးပြုအဖွဲ့တစ်ခုမှာအလုပ်ရရှိခဲ့ပါတယ်။အဲ့ဒီအဖွဲ့အစည်းကသူမနဲ့အတူရပ်တည်ပေးခဲ့တယ်၊အတိတ်ကသူမရဲ့စိတ်ဒဏ်ရာတွေကြောင့်အလုပ်စွမ်းဆောင်ရည်တွေနှောင့်နှေးနေသည့်တိုင်သူမရဲ့လက်တွေ့လိုအပ်ချက်တွေကို ကိုင်တွယ်ဖြေရှင်းပေးနိုင်တဲ့ဆရာဝန်တွေ၊စေတနာ့ဝန်ထမ်းတွေထံကနေ တန်ဖိုးမဖြတ်နိုင်တဲ့အကူအညီတွေကို ရယူပံ့ပိုးပေးပါတယ်။

မီးလောင်နေတဲ့အချိန်မှာပဲသူမနဲ့အတူကျွန်တော်တို့ရှိနေပါတယ်၊မီးလောင်ထားတဲ့ပြာပုံထဲကနေ ကျန်ရစ်ခဲ့တဲ့ သူမရဲ့ ပိုင်ဆိုင်မှုပစ္စည်းတွေကိုကူညီတူးဖော်ပေးခဲ့ပါတယ်။ဒီဘေးဒုက္ခကနေနက်ရှိုင်းတဲ့ခင်မင်မှုကို ဖြစ်စေခဲ့တယ်။

ငိုကြွေးမြည်တမ်းနေသော ဇိအုန်မြို့သားတို့အဖို့ ပြာအစား ခေါင်းပေါင်း၊ ငိုကြွေးမြည်တမ်းခြင်းအစား ရွှင်မြူးခြင်းဆီ၊ ညှိုးငယ်သောစိတ်အစား ချီးမွမ်းခြင်းအဝတ်ကို စီရင်ပေးရန် ငါ့ကိုစေလွှတ်တော်မူပြီ။ ဘုန်းတော်ထင်ရှားစေရန် ထာဝရဘုရားစိုက်ပျိုးတော်မူသော ဖြောင့်မတ်ခြင်းဝက်သစ်ချပင်ဟု သူတို့ကိုခေါ်ဝေါ်ကြလိမ့်မည်။
(ဟေရှာ ၆၁း၃ *MSBU*)

"ဤအရာများစတင်ဖြစ်ပျက်လာသောအခါ သင်တို့ကို ရွေးနုတ်တော်မူသောအချိန်နီးကပ်လာပြီဖြစ်၍ တည့်မတ်စွာရပ်လျက်သင်တို့ခေါင်းကိုမော့ထားကြလော့"
ဟု မိန့်တော်မူ၏။
(လု ၂၁း၂၈ *MSBU*)



နောက်ထပ်နှစ်တွေမှာကျွန်တော်တို့ဟာချစ်ရတဲ့လူတွေဆုံးရှုံးရတဲ့အချိန်အတူတကွဝမ်းနည်းပူဆွေးခဲ့ကြတယ်၊ကလေးဖွားမြင်တဲ့အချိန်အတူတကွဝမ်းမြောက်ကြတယ်၊နိုင်ငံသားခံစားခွင့်ရတဲ့အချိန်အတူတကွ ဝမ်းမြောက်ဂုဏ်ပြုကြပါတယ်။ဒီအတွေ့အကြုံတစ်ခုစီကအပြန်အလှန်ချိတ်ဆက်ထားတဲ့ကက်ဖဲတုံးလေးတစ်ခုလိုပဲကျွန်တော်တို့ရဲ့ဆက်ဆံရေးကိုကြီးထွားခိုင်မာစေတယ်။အချိန်ကြာလာတဲ့အမျှ နူရ်ရဲ့ မျက်လုံးတွေကအလင်းရောင်တွေသမ်းလို့ရှင်သန်လန်းဆန်းလာပါတော့တယ်။အချိန်တစ်ခုရောက်လာတဲ့အခါမှာ စိန်ခေါ်မှုအသစ်တွေကို စတင်ရင်ဆိုင်ပြီး ဆက်သွယ်မှုအသစ်တွေ တည်ဆောက်လာနိုင်ပါတယ်။ အကူအညီလိုနေသူတွေကို ရှာယူပြီး သူတို့ ဖြစ်ရပ်ဇာတ်လမ်းထဲ ဝင်ရောက်ခံစားပေးပါတယ်။ သူမရဲ့ ဘဝကို တစ်စပြီးတစ်စ ပြန်လည်တည်ဆောက်နေပါတယ်။ ကက်ဖဲတစ်တုံးလေးကို ထိလိုက်တာနဲ့ ကျန်တဲ့အတုံးတွေအားလုံးလိုက်ပြီးပြိုလဲပါတယ်။ နှလုံးသားတစ်စုံနဲ့ ချိတ်ဆက်ရုံနဲ့ မိသားစုတစ်ခုလုံးကို ပြန်လည် တည်ဆောက်ပေးနိုင်ပါတယ်။ကျွန်တော်တို့နှလုံးသားရဲ့ရန်သူကအဆိုးကြံစည်ထားတဲ့အရာတွေကိုအနန္တတန်ခိုးရှင်ဘုရားသခင်ကကောင်းတာတွေအဖြစ်ပြောင်းလဲပေးနိုင်ပါတယ်။အဲ့ဒါကချိတ်ဆက်မှုတစ်ခုစီကနေဖြစ်ထွန်းလာပါတယ်။ ပြီးတော့ အကောင်းဆုံးတွေ ဖြစ်လာဖို့ရှိနေပါသေးတယ်။

# ကျွန်တော်တို့နဲ့အတူ အောက်ပါအတိုင်း ဆုတောင်းကူညီပါ။

## ဆုတောင်းဖို့ ပိုမိုလိုအပ်ချက်

- ရိုဟင်ဂျာလူမျိုးအတွက်လိုအပ်ချက်အလယ်မှာရပ်တည်ပြီးသူတို့ရဲ့ဝိညာဉ်ရေးရာစစ်ပွဲတွေကိုတိုက်လှန်ရန်။
- (၂၀၂၈) ခုနှစ်မတိုင်ခင်ရိုဟင်ဂျာလူမျိုး (၁၀)ရာခိုင်နှုန်း နိုင်ငံတော်သို့ ဝင်ရောက်လာရန်။

## လူတွေ ပိုမိုသွားရောက်ဖို့ လိုအပ်ချက်

- သတင်းကောင်းဝေငှသက်သေခံမယ့်သူမရှိတဲ့နေရာတွေဖြစ်တဲ့ပါကင်စတန်နဲ့ဆော်ဒီအာရေဗျနိုင်ငံတွေကိုလူများစေလွှတ်နိုင်ရန်။

## စိတ်နှလုံးကြေကွဲနေသောသူ နဲ့ ငိုကြွေးမြည်တမ်းနေသောသူများအတွက် ဆုတောင်းပါ။

- သူတို့ရဲ့ အနာဒဏ်ရာတွေသက်သာပြီးနှစ်သိမ့်မှုရရှိရန်။
- သူတို့ရဲ့စိတ်ဒဏ်ရာတွေကုစားနိုင်ရန်။

## ဖမ်းဆီးချုပ်နှောင်ခံရသူများ နဲ့ အကျဉ်းချခံရသူများ လွတ်မြောက်ဖို့အတွက် ဆုတောင်းပါ။

- ကိုယ်ခန္ဓာချုပ်နှောင်ခံနေရသူတွေအတွက်။
- စိတ်ဒဏ်ရာခံစားနေရသူတွေအတွက်။
- ဝိညာဉ်ရေးရာအသက်တာမှာ ချည်နှောင်ခံရသူတွေ အတွက်။

## စိတ်အားငယ်တဲ့ လူများအတွက်။

- စိတ်ခွန်အားရှိဖို့၊ သူတို့အနာဂတ်အတွက် မျှော်လင့်ခြင်းနဲ့ အဓိပ္ပာယ်ရှာတွေ့ရန်။
- ဘုရားသခင်ရဲ့နိုင်ငံတော်သားဖြစ်ခြင်းထဲမှာ ထာဝရ မျှော်လင့်ခြင်းနဲ့ လုံခြုံမှုကို ရှာတွေ့နိုင်ရန်။

## ရိုဟင်ဂျာလူမျိုးအလယ်မှာ ဘုရားသခင် ဘုန်းတော်ထင်ရှားဖို့ ဆုတောင်းပါ။

- ဘုရားသခင်ရဲ့ဘုန်းတော်အတွက် စိုက်ထူးထားတဲ့ ဝက်သစ်ချပင်လို့ သူတို့ ခေါ်ခံရရန်။
- ယေရှုနောက်လိုက်တဲ့သူတွေ သူနဲ့ ဆက်ဆံသွားလာရေးမှာ ခိုင်ခံ့တည်မြဲနေရန်။
- ကနဦးပြောင်းလဲလာသူ အဦးသီးတွေကတဆင့် ထပ်ဆင့်တိုးပွားပြီး ရိုဟင်ဂျာလူမျိုးအားလုံးယေရှုကို ချီးမွမ်းကိုးကွယ်တဲ့ လှုပ်ရှားမှုကြီးတစ်ခု ဖြစ်ထွန်းလာရန်။



# ချီးမွမ်းခြင်း

- ဒုက္ခဆင်းရဲခြင်းအဆုံးသတ်ဖို့ချီးမွမ်းပါ။ရိုဟင်ဂျာလူမျိုးဟာဂုဏ်အသရေညှိုးငယ်ခြင်းအစား ဝမ်းမြောက်ခြင်းရှိဖို့၊သူတို့ရွေးနှုတ်ကယ်တင်ခံရမယ့် အချိန်နီးလာတာတဲ့အမျှ ထာဝရတည်မြဲတဲ့ ဝမ်းမြောက်ခြင်းရဖို့ ဝန်ခံချီးမွမ်းပါ။
- ကယ်တင်ခြင်းဝတ်လုံ၊ဖြောင့်မတ်ခြင်းဝတ်လုံနဲ့ လွှမ်းခြုံပြီးသား ရိုဟင်ဂျာတွေအတွက် ချီးမွမ်းပါ။
- သင်တို့ကိုထာဝရဘုရား၏ယဇ်ပုရောဟိတ်ဟုခေါ်ဝေါ်ကြလိမ့်မည်။ဘုရားသခင်၏အမှုတော်ဆောင်ဟု ခေါ်ဝေါ်ကြလိမ့်မည်။ သင်တို့သည်လူမျိုးခြားတို့၏ဥစ္စာပစ္စည်းကို စံစားရလိမ့်မည်။ သူတို့၏ဂုဏ်သရေ၌ ဝါကြွားကြလိမ့်မည်။ (ဟေရှာ ၆၁:၁၀ MSBU)

ကျွန်တော်တို့နဲ့အတူ ဆုတောင်းကူညီပေးလို့ ကျေးဇူးတင်ပါတယ်။
**pray4rohingya.com**

Scan the QR code and sign up to receive regular short prayer requests via WhatsApp